# ဆရာဝန်ဆေးညွှန်းဖြင့်သာသုံးစွဲသင့်သည့် ပဋိဇီဝဆေးဝါးများအကြောင်းနှင့် ဆောင်ရန်၊ရှောင်ရန်များ

**ဆရာဝန်ဆေးညွှန်းဖြင့် သောက်သုံးသင့်သည့် ဆေးဆိုတာ ဘာလဲ**

ဆရာဝန်ဆေးညွှန်းဖြင့်ရောင်းချရမည့် Prescription Only Medicine (POM) ဆေးများကို ဆိုလိုပါတယ်။ ဥပမာ–ပဋိဇီဝဆေးများ(ငှက်ဖျား၊တီဘီစသည်ဖြင့်)၊ထိုးဆေးများ၊

**ဘာလို့ပဋိဇီဝဆေးကို မိမိဘာသာဝယ်သောက် လို့မရတာလဲ**

**ပဋိဇီဝဆေးများ**အား မိမိဘာသာ ဝယ်၍ သောက်သုံးခြင်းဖြင့်---

- **ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်ရန်ဖြစ်နိုင်ခြေများသည့်အပြင် ဖြစ်ပေါ်ကြောင်းမသိရှိနိုင်ခြင်း**
- **ဆေးသောက်ရမည့်ပမာဏ၊ အချိန်ကာလအပိုင်းအခြား၊ ကြာမြင့်သည့်အချိန်တို့အား တိကျမှန်ကန်စွာမသိရှိနိုင်သည့်အတွက် ၎င်းအကျိုးဆက်အနေဖြင့် ပဋိဇီဝဆေးများ ဆေးမတိုး (သို့) ဆေးယဉ်ပါးသည့် အန္တရာယ်ကြုံတွေ့ရခြင်း**
- **အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဆေးမတည့်ခြင်း၊ အသည်းနှင့်ကျောက်ကပ်ထိခိုက်ခြင်း အစရှိသည့်ဘေးထွက်ဆိုးကျိုးများမှ အသက်သေဆုံးသည်အထိ ဖြစ်နိုင်ခြင်း**

အစရှိသည့် ပြဿနာများ ကြုံတွေ့နိုင်ပါတယ်။




**ဆရာဝန်ညွှန်ကြားမှု သောက်မယ်ဆိုဘယ်လို အကျိုးကျေးဇူးရနိုင်မလဲ**

ဆရာဝန်ကဖြစ်ပွားတဲ့ရောဂါရာဇဝင်ကိုသေချာမေးမြန်း၊ စမ်းသပ်စစ်ဆေးသိရှိပြီးကိုးကြောင်းလျော်ညီစွာဆေးညွှန်း ပေးတဲ့အတွက်အထက်ပါပြဿနာတွေကိုအနည်းဆုံး လျှော့ချနိုင်ပါတယ်။

**နားကိုက်နေလို့အသိက ပိုးသတ်ဆေးပေးတယ်။ရောဂါ တူနေတော့သောက်လို့ရလား**

လူတစ်ဦးနဲ့တစ်ဦး ရောဂါတူခြင်း၊မတူခြင်းက တတ်ကျွမ်းတဲ့ ဆရာဝန်သာဆုံးဖြတ်နိုင်ပါတယ်။ထို့အပြင်လူနာတစ်ယောက်ခြင်း အပေါ်မူတည်ပြီး ပေးရတဲ့ဆေး၊ ပမာဏကွာခြားပါတယ်။

**မိမိဘာသာ မှန်းဆပြီး လုံး၀(လုံး၀) မသောက်သုံးသင့်ပါ**

**ဆရာဝန်/ကျန်းမာရေးဝန်ထမ်း**

**FDA**

**ပြည်သူလူထု**

**ပဋိဇီဝဆေးယဉ်ပါးမည့်အန္တရာယ် ကာကွယ်ရေး**

**ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျရောင်းချ၊သုံးစွဲရေးကို အလေးပေး**